# နေ့စဉ်သတင်းများ စုဆောင်းတင်ပြခြင်း

(No. 45 , July 28, 2020)

၁။ စည်ပင်ဝန်ကြီး တာဝန်ထမ်းဆောင်ပြီးနောက် အဓိက စိန်ခေါ်မှုတွင် ဟားခါးမြို့ရေးပေးဝေရေး ပါဝင်ဟုဆို
၂။ KIA က ခေါ်ဆောင်သွားသည့် ကျောင်းသား ၂ ဦးသေဆုံးကြောင်းအတည်ပြု
၃။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အားမရတဲ့အချက်မရှိဟု ပြည်နယ်အစိုးရပြော
၄။ ဒေသအခြေစိုက်တိုင်းရင်းသားပါတီတွေကို ဝန်းရံသွားမယ်လို့ ကရင်နီပြည်အရပ်ဘက်လူငယ်အဖွဲ့တွေဆို
၅။ ကယန်းဒေသအတွင်း အစိုးရဆရာ/မ မလုံလောက်တဲ့ ကျောင်းတွေမှာ စေတနာ့ဝန်ထမ်း (၈၀) ဦးစေလွှတ်မည်
၆။ နော်မုနော်ပစ်သတ်ခံရမှုအပေါ် ကရင်ပါတီခေါင်းဆောင်အချို့အမြင်
၇။ CNLD ပါတီ မဲဆန္ဒနယ်မြေ (၄၈) နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည်
၈။ လာမည့်ရွေးကောက်ပွဲတွင် “ဝ” အမျိုးသားပါတီမှ ကိုယ်စားလှယ် ၃၀ ဦးဝင်ပြိုင်မည်
၉။ ရခိုင်မြောက်ပိုင်းမှာ မြေမြုပ်မိုင်းကို စိုးရိမ်၍ မိုးစပါးမစိုက်နိုင်သည့် လယ်ဧက ၂သိန်းခန့်ရှိ
၁၀။ “ဝ” ဒေသထဲက မြို့နယ်နှစ်ခုမှာပဲ ရွေးကောက်ပွဲပြုလုပ်နိုင်မည်
၁၁။ ရန်သူမှာ အမျိုးသား၊ အမျိုးသမီးခွဲခြားထားတာမရှိ' ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးပြော
၁၂။ ရွေးကောက်ပွဲဝင် မွန်ညီညွတ်ရေးပါတီ MUP ကိုယ်စားလှယ်လောင်းတွင် အမျိုးသမီး ၂၅ ဒသမ ၈ ရာခိုင်နှုန်းပါဝင်
၁၃။ ၂၀၂၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၆၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မွန်ညီညွတ်ရေးပါတီ MUP အတည်ပြု
၁၄။ ဘုတ်တစ်စီးရွာဆိပ်ကခွာပြီး ငါးမိနစ်အကြာ သဲကမ်းထောင်းရွာထဲလက်နက်ကြီးကျည်ကျပြီး လူ၄ ဦးဒဏ်ရာရ
၁၅။ ကျောက်ဖြူလိပ်ခမော်ကျေးရွာကလူငယ်တစ်ဦးဖမ်းဆီးခေါ်ဆောင်ခံရ
၁၆။ ဧရာဝတီတိုင်းတွင် ရက္ခိတပြက္ခဒိန်ကိုရောင်းချ၍ ၁၇(၁)ဖြင့် တရားစွဲဆိုထောင်ချခံရသူ လေးဦးအထဲမှသုံးဦး ချုပ်ရက်စေ့၍ပြန်လွတ်လာ
၁၇။ ရခိုင်တွင် ပထမဆုံးအကြိမ် အမျိုးသမီး ၃ ဦး အကြမ်းဖက်ပုဒ်မများဖြင့်အမှုဖွင့်ခံရ
၁၈။ ဘူးသီးတောင်မြို့နယ်မြောက်ပိုင်း သရဖီ ကျေးရွာအနီး တိုက်ပွဲဖြစ်
၁၉။ လီဆူ (ဒူးလေး) ပါတီက ကချင်၊ ရှမ်းနှင့် မန္တလေးတို့တွင် ယှဉ်ပြိုင်မည်
၂၀။ ရှမ်းကျောင်းသား နှစ်ဦးအတွက် KIO လျော်ကြေးပေး
၂၁။ ရေးချောင်းဖျားဒေသတွင် မှတ်ပုံတင်မရှိသူ ၂၀၀၀ ကျော်ရှိ
၂၂။ တပ်မတော်နှင့် SSPP တိုက်ပွဲဖြစ်၊ ရွာသား ၂၀၀ ကျော် ထွက်ပြေး
၂၃။ ဆီဆိုင် ကုန်းမြင့်မြေ ဖော်ဆောင်ရေးကို ကန့်ကွက်မှုကြောင့် မပြုလုပ်တော့ပေ
၂၄။ တရားရင်ဆိုင်နေရသည့် ခိုလမ်တောင်သူများ ကိုယ်စားလှယ် ၅ ဦးထားရှိရေး ရုံးမှလက်ခံ
၂၅။ သီပေါမြို့နယ် စစ်ရှောင်များ စိုးရိမ်မှုဖြင့် နေရပ်ပြန်ကြ

*******************

## ၁။ စည်ပင်ဝန်ကြီး တာဝန်ထမ်းဆောင်ပြီးနောက် အဓိက စိန်ခေါ်မှုတွင် ဟားခါးမြို့ရေးပေးဝေရေး ပါဝင်ဟုဆို

July 26, 2020 ချင်းဝေါလ်

ချင်းပြည်နယ် စည်ပင်ဝန်ကြီးအနေဖြင့် တာဝန်ထမ်းဆောင်ပြီးနောက် ယခုထိ လက်စ မသတ်နိုင်သေးသည့် ဟားခါးမြို့ရှိရေပေးဝေရေး သီးမြစ်စီမံကိန်းသည် အဓိက စိန်ခေါ်မှုတွင် ပါဝင်ကြောင်းစည်ပင်ဝန်ကြီး ဦးစိုးထက်မှ Chin World Media နှင့် တွေ့ဆုံချိန်တွင် ပြောကြားခဲ့သည်။

"ကျွန်တော်ဝန်ကြီး ဖြစ်ပြီးတော့ ရောက်ရောက်ခြင်းမှာ စိန်ခေါ်မှုတွေ အများကြီးဖြစ်တယ်၊ ရှေ့ကဝန်ကြီး ဦး အိုင်ဇက်ခင် နားတဲ့အပိုင်းမှာ ကျွန်တော်တို့ ကဝင်လာတယ်၊ ဝင်လာတော့စည်ပင်နဲ့ လျှပ်စစ်ဆိုင်တဲ့ လုပ်ငန်းတွေ မပြီးပဲနဲ့ ပြည်သူနဲ့ ကုမ္ပဏီတွေနဲ့ ရှင်းလင်းရတဲ့ဟာတွေ အများရှိတယ်၊ အဓိက ဟားခါးမှာဆို ဟားခါးရေပေးရေး အခုချိန်ထိ လက်စမသတ်နိုင်သေးဘူး" ဟုစည်ပင်ဝန်ကြီး ဦးစိုးထက်မှ ဆိုသည်။

သီးမြစ်စီမံကိန်းတွင်ဟားခါးမြို့ရေပေးဝေရေးသည် ယခုချိန်ထိ အပြီးအစီး ဆောင်ရွက်နိုင်ခြင်းမရှိသေးပဲ လက်ရှိချိန်ထိ ကုန်ကျစရိတ် ၁၄ဘီလီယံ ခန့်ရှိနေပြီဖြစ်သည်။ ဟားခါးမြို့တွင် ရေပေးဝယ်ရေးလုပ်ငန်းအတွက် Group -၁၂ ခု ရှိပြီး ၈ခု ပြီးစီးနေပြီဖြစ်သည်။

ဝန်ကြီးအနေဖြင့် "ကျွန်တော်တို့ အပြီးသတ်မလုပ်နိုင်သေးဘူး၊ ဒါပမယ့် ကုမ္ပဏီတွေလုပ်တာ အဆင်မပြေလို့ ကျွန်တော်တို့က အခု စည်ပင်ကနေတာဝန်ယူပြီးတော့ ကျွန်တော်တို့ ဦးဆောင်ပြီးတော့ လုပ်နေတယ်၊ ဆိုတော့ ဟားခါးမြို့မှာ ရေပေးရေးလုပ်ငန်း Group-၁၂ ခုလောက် ရှိတယ်၊ မိုင်နဲ့ဆို ၃၉မိုင် ရဖာလုံရှိတယ်၊ မိုင် ၄၀ ပဲ ၊ဟားခါးမြို့ထဲမှ အခု ပိုက်လိုင်းတွဲဆွဲနေတဲ့မိုင် ၄၀ လောက်ရှိတယ်" ဟု ဆိုသည်။ https://www.bnionline.net/mm/news-74476

*******************

## ၂။ KIA က ခေါ်ဆောင်သွားသည့် ကျောင်းသား ၂ ဦးသေဆုံးကြောင်းအတည်ပြု

July 24, 2020 ကေအဲန်ဂျီ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟောင်ပါးကျေးရွာအုပ်စု၊ ဆယ်ဇင်းကျေးရွာရှိ ကျောင်းသား ၂ဦးကို ကချင်လွတ်လပ်ရေးတပ်မတော် KIA က ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် သေဆုံးသွားသည့်အတွက် အဆိုပါအမှုကို ညှိနှိုင်းရန်လာရောက်ကမ်းလှမ်းထားကြောင်း သေဆုံးသူ ကျောင်းသား ၂ဦး၏ မိဘများထံမှ သိရသည်။

အဆိုပါအမှုကို ဇူလိုင်လ ၂၄ရက်နေ့တွင် ညှိနှိုင်းရန် ကျေးရွာရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့်လာရောက် ကမ်းလှမ်းထားကြောင်း သေဆုံးသွားသည့် ကျောင်းသား ၂ ဦးအနက် မောင်သန့်ဇင်အောင်၏ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်ခင်က ကချင်သတင်းဌာန KNG ကို ပြောသည်။

"ကျမတို့ကလေးက အသက်မရှိတော့ဘူးဆိုတာကို မနေ့ကမှ သိရတာပါ။ အဲကြောင့် သေသွားရင်လည်း ကျမတို့ကလေးရှိတဲ့နေရာကို ဘာကြီးဘဲမြင်ရ မြင်ရ အဝတ်စားဘဲမြင်ရ မြင်ရ သေပြီးတဲ့အလောင်းဘဲမြင်ရ အဲဒီဟာကို တောင်းဆိုချင်ပါတယ်။ သူတို့ဘက်ကတော့ မနက်ဖြန်ကို ကျမတို့နဲ့သူတို့နဲ့တွေ့ပြီးတော့မှ မေးမယ်လို့ပြောပါတယ်။ ကလေးတွေဖြစ်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကလေးရဲ့မိဘတွေနဲ့တွေ့ဆုံပြီးတော့မှ ဘယ်လိုကျေနပ်နိုင်မယ် သူတို့ဘက်ကနေ လုပ်ပေးပါ့မယ် အဲလိုမျိုးပြောခဲ့တယ်" ဟု သေဆုံးသွားသည့် ကျောင်းသား သန့်ဇင်အောင်၏ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်ခင်က ဆိုသည်။ https://www.bnionline.net/mm/news-74463

## ၃။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အားမရတဲ့အချက်မရှိဟု ပြည်နယ်အစိုးရပြော

July 28, 2020 ကန္တာရဝတီ

ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ပြည်နယ်အစိုးရ လေးနှစ်ကျော်ကာလအတွင်းမှာ အားမရတဲ့အချက်မရှိခဲ့ပါဘူးလို့ အစိုးရအဖွဲ့ဝင်က ပြောကြားလိုက်ပါတယ်။

လေးနှစ်ကျော်ကာလအတွင်းဒေသဖွံ့ဖြိုးမှုကို လုပ်ဆောင်တဲ့အခါမှာ အားလုံးက တက်ညီလက်ညီနဲ့ ဆောင်ရွက်နေတဲ့ အတွက်ကြောင့် အားမရတဲ့အချက်မရှိဘူးလို့ ကယားပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူး ဦးအုံ့မော်က ၂၀၂၀၊ ဇူလိုင်လ ၂၄ရက်နေ့ ပြည်နယ်ခန်းမမှာ ကျင်းပတဲ့ ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားလိုက်တာဖြစ်ပါတယ်။

ဦးအုံ့မော်က "ဆောင်ရွက်မှုတွေထဲမှာ အောင်မြင်မှုအရှိဆုံးကတော့ ဟော်တယ်နှင့်ခရီးသွားလာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍ၊ စိုက်ပျိုးရေးရရှိရေးလုပ်ငန်း၊ စည်ပင်သာယာရေးကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ဖြစ်ပြီးတော့ ဟော်တယ်နှင့် ခရီးသွားလာရေးကဏ္ဍမှာ ပြည်နယ်ဂုဏ်ဆောင်မှု တစ်ခုအနေနဲ့ ၂၀၁၉ခုနှစ် အာဆီယံ အသန့်ရှင်းဆုံးမြို့တော်အဖြစ် ဆုရရှိခဲ့တာတွေ့ရပါတယ်။" လို့ ပြောပါတယ်။ https://www.bnionline.net/mm/news-74512

*****************

## ၄။ ဒေသအခြေစိုက်တိုင်းရင်းသားပါတီတွေကို ဝန်းရံသွားမယ်လို့ ကရင်နီပြည်အရပ်ဘက်လူငယ်အဖွဲ့တွေဆို

July 26, 2020 ကန္တာရဝတီ

ခွန်းကလိုင်းဖရီး - နိုဝင်ဘာ ၈ ရက်နေ့မှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ကယား(ကရင်နီ) ပြည်နယ်အခြေစိုက် ဒေသခံတိုင်းရင်းသားပါတီတွေရဲ့ အောင်နိုင်ရေးအတွက် ဝန်းရံကူညီသွားမယ်လို့ ကရင်နီပြည်အရပ်ဘက်လူငယ်အဖွဲ့တွေက ပြောဆိုလိုက်ပါတယ်။

ခုပြောဆိုချက်ဟာ ၂၀၂၀ ခုနှစ် မတ်လမှာ ကျင်းပခဲ့တဲ့ ကရင်နီပြည်လူမျိုးစုလူငယ်ထု တွေ့ဆုံနှီး နှောဖလှယ်ပွဲကနေ ထုတ်ပြန်လိုက်တဲ့ ကြေညာချက်အတိုင်းဖြစ်တယ်လို့ ကရင်နီပြည်လူမျိုးစုလူငယ် ဦးဆောင် ကော်မတီ ဘုတ်အဖွဲ့ဝင် ခွန်းသောမတ်က ပြောပါတယ်။

" စေတနာ့ဝန်ထမ်းတွေ စေလွှတ်ပေးတာမျိုးပေါ့။ သက်ဆိုင်ရာ မဲဆန္ဒနယ်မှာ ကယောခွင်ထဲရောက်ရင်တော့ ကယောလူငယ်တွေကို လွှတ်ပေးတာမျိုး၊ ကယန်းခွင်ထဲရောက်ရင်တော့ ကယန်းလူငယ်တွေကို လွှတ်ပေးထားမျိုး။ အဲဒါမျိုးနဲ့ ဝန်းရံဖို့ အားလုံးက သဘောတူထားကြတယ်လို့" ၎င်းက ဆက်ပြောပါတယ်။

အဆိုပါ ကရင်နီပြည်လူမျိုးစုလူငယ်ဦးဆောင်ကော်မတီကို ကယားလူမျိုးစုလူငယ်၊ ကယောလူမျိုးစုလူငယ်၊ ကယန်းလူမျိုးစုလူငယ်၊ ကော်ယော်လူမျိုးစုလူငယ်၊ ယင်းတလဲလူမျိုးစုလူငယ်နဲ့ ကရင်လူမျိုးစုလူငယ် စတဲ့ ကယား(ကရင်နီ)ပြည်နယ်တွင်းမှာ နေထိုင်တဲ့ လူမျိုးစုလူငယ် (၆) ဖွဲ့နဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

"အဓိကက တိုင်းရင်းသားပါတီ ပြည်နယ်အခြေစိုက် နှစ်ပါတီက KNP ရယ် KySDP ရယ် ဝန်းရံဖို့ပေါ့နော်။ ရွေးကောက်ပွဲမှာ အောင်နိုင်ဖို့က သဘောထားကျထားပြီ၊ ထုတ်ပြန်ချက်ထဲမှာ ပါတဲ့ အတိုင်းပဲပေါ့နော်။" လို့ ကန္တာရဝတီတိုင်းမ်ကို ပြောပါတယ်။ https://www.bnionline.net/mm/news-74470

****************

## ၅။ ကယန်းဒေသအတွင်း အစိုးရဆရာ/မ မလုံလောက်တဲ့ ကျောင်းတွေမှာ စေတနာ့ဝန်ထမ်း (၈၀) ဦးစေလွှတ်မည်

July 24, 2020 ကန္တရဝတီ

ခွန်းကလိုင်းဖရီး — စေတနာ့ဝန်ထမ်း အယောက်(၈၀) က ကျောင်း ဆရာ/မ မလုံလောက်တဲ့ ကယန်းတိုင်းရင်းသား ဒေသဘက်က ကျောင်းတွေမှာ သွားရောက်စာသင်ကြားပေးဖို့ ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့ကနေ ဦးဆောင်နေတာဖြစ်ပါတယ်။

ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့ရဲ့ ပညာရေး စီမံကိန်းတာဝန်ခံ ခွန်းမောင်တင်က " အဓိက ကယန်းဒေသမှာ ဆရာ၊မ မလုံလောက်မှုဖြစ်စဉ်တွေကို ကူညီထောက်ပံ့ချင်တယ်။ အဲ့ဒါရဲ့ နောက်ဆက်တွဲမှာ ပြန်စဉ်းစားမယ်ဆိုရင် ကျောင်းသူ၊သား ကျောင်းထွက်နှုန်းကို လျော့ချစေချင်တယ်ပေါ့။ ဒီအချက်နဲ့ ကျနော်တို့ စေလွှတ်ပါတယ်။" လို့ ပြောပါတယ်။

ကယန်းဒေသကတော့ ရှမ်းပြည်နယ်ရှိ ဖယ်ခုံမြို့နယ်၊ ပင်လောင်းမြို့နယ်နဲ့ ဆီဆိုင်မြို့နယ်၊ ကယားပြည်နယ်ရှိ လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်နဲ့ မယ်စဲ့မြို့နယ်၊ ကရင်ပြည်နယ်ရှိ သံတောင်ကြီး မြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ ပျဉ်းမနားမြို့နယ်နဲ့ လယ်ဝေးမြို့နယ်ရှိ ကျောင်းပေါင်း (၇၀)ခန့်ကို ပေးပို့စေလွှတ်သွားမယ်လို့ ဆိုပါတယ်။

တချို့ကျေးရွာတွေမှာကတော့ အစိုးရကနေ သတ်မှတ်ထားတဲ့ ကျောင်းသားဦးရေမပြည့်မှီတာကြောင့် ကျောင်းဆရာ/မချပေးတာမရှိတဲ့အတွက် ကိုယ်ထူကိုယ်ထဖွင့်နေကြရပြီး ဆရာ/မလိုအပ်ချက်တွေကိုတော့ ကယန်း မျိုးဆက်သစ်လူငယ်အဖွဲ့ (KNGY)အဖွဲ့က ကူညီပေးနေတာဖြစ်ပါတယ်။ https://www.bnionline.net/mm/news-74447

**********************

## ၆။ နော်မုနော်ပစ်သတ်ခံရမှုအပေါ် ကရင်ပါတီခေါင်းဆောင်အချို့အမြင်

July 24, 2020 ကေအိုင်စီ

ကရင်ပြည်နယ်၊ မူတြော်(ဖာပွန်)ခရိုင်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၁၆ရက်နေ့က တပ်မတော်သား ၂ဦးမှ ကရင်အမျိုးသမီး နော်မုနော်ဆိုသူအား ပစ်သတ်ပြီး လက်ဝတ်ရတနာများ လုပ်ယူသွားခဲ့မှုနှင့်ပတ်သက်၍ ကရင်နိုင်ငံရေးပါတီ ခေါင်းဆောင်အချို့၏ အမြင်သဘောထားကို စုစည်းဖော်ပြလိုက်ပါသည်။

**နန့်ခင်အေးဦး။ ။ တွဲဖက်အတွင်းရေးမှူး(၁)၊ ကရင်ပြည်သူ့ပါတီ(KPP)၊** ဥပဒေမဲ့ လုပ်ထားတဲ့ ကိစ္စဖြစ်တယ်။ ဒီလိုလုပ်တဲ့အပေါ် ကျမတို့က ကန့်ကွက်တယ်။ ပါတီအနေနဲ့လည်း ကန့်ကွက်တယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့လည်း ကန့်ကွက်တယ်။ ကန့်ကွက်ကြောင်းကို လူထုသိအောင်ကော၊ စစ်တပ် သိအောင်ကော၊ အစိုးရသိအောင်တော့ပြောရမှာဘဲလေ။ လက်နက်ရှိတဲ့လူက လက်နက်မဲ့သူကို အနိုင်ကျင့်ရာ ရောက်သ လို ဥပဒေနဲ့နည်းနည်းအလှမ်းဝေးတဲ့ဆီမှာ လက်နက်မရှိလည်း အမျိုးသမီးတွေကို အနိုင်ကျင့်တာရှိနေတာပဲ။ လက်နက်နဲ့ အနိုင်ကျင့်တယ်၊ လက်ဗလာနဲ့အနိုင်ကျင့်တာကို ကျမတို့က သီးခံနိုင်စရာအကြောင်းမရှိဘူး။ အမျိုးသမီးအခွင့်အရေး အနေနဲ့ ကန့်ကွက်ရမှာပဲ။

ကျူးလွန်တဲ့သူကို စစ်တပ်ဥပဒေနဲ့အရေးယူရမှာပဲ ဘာပဲဖြစ်ဖြစ်။ သို့သော်လည်း အရေးယူတဲ့အခါမှ မှန်မှန်ကန်ကန်လုပ်ဖို့တော့ အရေးကြီးတာပေါ့။ သူတို့မှန်မှန်ကန်ကန်အရေးယူဖို့ကိုတော့ တွန်းအားပေးရမှာပဲ၊ တိုက်တွန်း

ရမှာပဲ။ တစ်တိုင်းပြည်လုံးလည်း သိကုန်ပြီး သေသေချာချာမလုပ်ဘဲ လုပ်ရင်တော့ ကြီးတဲ့ပြဿနာဖြစ်လာနိုင်တယ်။ အခုဟာက တော်တော်လေးကို အင်တာနက်မှာ ပျံ့နှံ့နေပြီးဆိုတော့ သူတို့အတိုင်းအတာတစ်ခုအထိတော့ လုပ်မှာပါ။

အခုဟာက ပစ္စည်းယူ ပစ်သတ်တာဖြစ်သွားတာပေါ့နော်၊ တကယ်တမ်းဆိုရင် ဘာမဟုတ်တာလေးနဲ့ လူသတ်သွားတဲ့အထိ ဖြစ်သွားတာတော့ မဖြစ်သင့်ဘူး။ အမျိုးသမီးကာကွယ်တဲ့ဥပဒေနဲ့ပြန်ကြည့်ရင် အင်မတန်ဆိုးရွားစွာဖြစ်တယ် ။ ဒါကို ကျမတို့ KPP ပါတီက ရှုတ်ချရမှာပေါ့။ ကျမတို့ပါတီတွေ လူထုတွေတွန်းအားပေးရမှာက သူတို့စစ်ခုံရုံး ဥပဒေအရ သေချာလုပ်ဖို့လေး တော့ တွန်းအားပေးရမှာဖြစ်တယ်။ https://www.bnionline.net/mm/news-74461

******************

## ၇။ CNLD ပါတီ မဲဆန္ဒနယ်မြေ (၄၈) နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

July 24, 2020 ခိုနူမ်းသုန်

လားရှိုး – လာမည့်နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(CNLD) ပါတီက မဲဆန္ဒနယ်မြေ (၄၈) နေရာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ဇူလိုင်လ (၂၂) ရက်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။

CNLD ပါတီအနေဖြင့် ချင်းပြည်နယ်တစ်ပြည်နယ်လုံးအပြင် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇူလိုင်လ (၁၉) ရက်နေ့ ပါတီအစည်းအဝေးမှ အတည်ပြုစာရင်းအရ မဲဆန္ဒနယ်မြေ (၄၈) လျာထားသော်လည်း ထပ်တိုးလာဖွယ်ရှိသည်ဟု CNLD ပါတီအထွေထွေအတွင်းရေးမှူး ဆလိုင်းကျဲအိုဘိခ်ထောင်ကပြောသည်။

“အဲဒီမှာ (၄၈) ဦးရှိပါတယ် ဒါပေမဲ့ ဒီဟာက ဆိုလိုချင်တာကတော့ အခုနောက်ပိုင်းမှာလည်းပဲ အမတ်လောင်းတွေကို လျှောက်လာတဲ့သူတွေနဲ့ ဆောင်ရွက်နေဆဲတွေ အတည်ပြုနေတဲ့ဟာတွေ နောက်တိုးတွေလည်းရှိသေးတယ်၊ အခုကျနော်တို့ ကြေညာတဲ့ (၄၈) ဦးကတော့ ဇူလိုင်လ (၁၉) ရက်နေ့အထိ ကျနော်တို့အတည်ပြုထားတာဖြစ်ပါတယ်၊ ဒါပေမဲ့ ကျနော်တို့ ဆက်လက်ပြီး ဆောင်ရွက်နေတဲ့အခါမှာ ဒီတွန်းဇံတို့ တမူးတို့ တီးတိန်တို့ ဒီဖက်က ရခိုင်ပြည်နယ်တို့ နောက်တိုးဝင်လာတဲ့သူတွေရှိကြတော့ စုစုပေါင်းအားဖြင့်တော့ ကျနော်တို့ ဒီတစ်ခေါက်မှာ ကျနော်တို့မှန်းတာ ၂၀၂၀ ရွေးကောက်ပွဲမှာကျနော်တို့ပါတီအနေနဲ့ (၅၅) နဲ့ (၆၀) နေရာကြားလောက်မှာ ကျနော်တို့အမတ်လောင်း ဝင်ပြိုင်ဖို့စီစဉ်ထားပါတယ်” ဟု ဆလိုင်းကျဲအိုဘိခ်ထောင်ကပြောသည်။ https://www.bnionline.net/mm/news-74455

******************

## ၈။ လာမည့်ရွေးကောက်ပွဲတွင် “ဝ” အမျိုးသားပါတီမှ ကိုယ်စားလှယ် ၃၀ ဦးဝင်ပြိုင်မည်

July 28, 2020 မဇ္ဈိမ

လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် “ဝ” တိုင်းရင်းသားကိုယ်စားပြု သုံးပါတီပေါင်းစည်းထားသည့် “ဝ” အမျိုးသားပါတီမှ ကိုယ်စားလှယ် ၃၀ ဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ပါတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ် ကပြောသည်။

“ဝ” ဒေသထဲက မြို့နယ်နှစ်ခုမှာပဲ ရွေးကောက်ပွဲပြုလုပ်နိုင်မည်

"ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ "ဝ" လစ်ဘရယ်ဒီမိုကရက်တစ်ဖွံ့ဖြိုးတိုးတက်ရေးပါတီ စုစုပေါင်း သုံးပါတီတို့ပေါင်းစည်းကာ ၂၀၂၀ နှစ်ဆန်းပိုင်းတွင် "ဝ" အမျိုးသားပါတီ (WNP) အဖြစ် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဦးဆိုင်ပေါင်းနပ် က"ဒေသခံအစစ်အမှန်ဖြစ်သူများ၊ ဦးစားပေးကတော့ "ဝ" အမျိုးသားပေါ့။ အရည်အချင်းတူရင်တော့ "ဝ"အမျိုးသားပေါ့။ ရွေးချယ်ဖို့ကိုယ်စားလှယ်က" ဟု ပြောသည်။

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲမှ နှစ်မြို့နယ်အပြင် ရှမ်းပြည်နယ်ထဲမှ ရှစ်မြို့နယ် စုစုပေါင်း မြို့နယ် ၁၀ ခုရှိ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်တို့တွင်ဝင်ရောက်ယှဉ်ပြိုင်မည်ဟုလည်း ၎င်းကပြောသည်။

လတ်တလော ပါဝင်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်များမှာ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲမှ ဟိုပန်နှင့် မက်မန်းမြို့နယ်အပြင် ရှမ်းပြည်နယ်ထဲမှ ကျိုင်းတုံ၊ တန့်ယန်း၊ မိုင်းရှူး၊ တာချီလိတ်၊ မိုင်းခတ်၊ မိုင်းဆတ် အစရှိသော "ဝ" တိုင်းရင်းသားများ အခြေချနေထိုင်သည့်ဒေသများတွင်ဖြစ်သည်။

သို့သော် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲမှ ကျန်လေးမြို့နယ်ဖြစ်သည့် မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း နှင့် ပန်ဆန်းမြို့နယ်တို့တွင် ရွေးကောက်ပွဲပြုလုပ်ဖြစ်ဦးမှာ မဟုတ်ကြောင်းသိရသည်။ https://www.bnionline.net/mm/news-74515

********************

## ၉။ ရခိုင်မြောက်ပိုင်းမှာ မြေမြှုပ်မိုင်းကို စိုးရိမ်၍ မိုးစပါးမစိုက်နိုင်သည့် လယ်ဧက ၂သိန်းခန့်ရှိ

July 28, 2020 မဇ္ဈိမ

လက်ရှိတိုက်ပွဲ အများဆုံးဖြစ်ပွားနေသည့် ရခိုင်မြောက်ပိုင်းကျေးရွာများက ဒေသခံအများစုသည် လယ်ကွင်းပြင်ထဲတွင် မြေမြှုပ်မိုင်းထောင်ထားမှာ စိုးရိမ်၍ ယခုနှစ်မိုးစပါးမစိုက်နိုင်သော လယ်ဧက ၂ သိန်းကျော်ရှိနိုင်ကြောင်း ရခိုင်ပြည်လုံးဆိုင်ရာ တောင်သူလယ် သမားသမဂ္ဂက ခန့်မှန်းထားသည်။

ဒေသခံအများစုသည် နေရပ်စွန့်ခွာပြီး စစ်ရှောင်စခန်းများတွင် ခိုလှုံနေရသလို လယ်ကွင်းပြင်မှာ မြေမြှုပ်မိုင်းပေါက်ကွဲမှု မကြာခဏဖြစ်နေမှုကြောင့် လယ်ကွင်းပြင်ကို မသွားရဲသည့်အတွက် ယခုနှစ်တွင် မိုးစပါးမစိုက်ပျိုးဖြစ်တော့ကြောင်း ရသေ့တောင်မြို့နယ် အမျက်တောင်ကျေးရွာက ဒေသခံတစ်ဦးက ပြောသည်။

ရသေ့တောင်မြို့နယ် အမျက်တောင်ကျေးရွာ ဒေသခံတစ်ဦးက "လုပ်လို့မရဘူး။ မြေထဲမှာ မိုင်းတွေထောင်ထားတယ်။ တောင်ပေါ်က ပစ်ကြတယ်။ ကျနော်တို့ရွာမှာ နွေရာသီကလည်း မိုင်းပေါက်ကွဲလို့ ကျွဲ၊ နွား အားလုံးသေကြတယ်။ လူတွေလဲ တစ်ယောက်၊ နှစ်ယောက်လောက် သေတယ်။ ဒါကြောင့် လယ်ယာမလုပ်ရဲဘူး။ " ဟု ပြောသည်။

ရခိုင်မြောက်ပိုင်းက ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် မြောက်ဦးနယ်တွေမှာ လယ်ယာစိုက်ပျိုးမှု လုံးဝရပ်ဆိုင်းထားရပြီး ကျန်သည့် ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မင်းပြားနှင့် မြေပုံမြို့နယ်က ကျေးရွာတချို့မှာတော့ သုံးပုံတစ်ပုံလောက်မှာ လယ်ယာလုပ်ငန်း စိုက်ပျိုးနေကြကြောင်း ရခိုင်ပြည်လုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂအဖွဲ့ (နာယက) ဒေါ်ညိုအေးက ပြောသည်။ https://www.bnionline.net/mm/news-74514

## ၁၀။ “ဝ” ဒေသထဲက မြို့နယ်နှစ်ခုမှာပဲ ရွေးကောက်ပွဲပြုလုပ်နိုင်မည်

July 27, 2020 မဇ္ဈိမ

လာမည့်အထွေထွေရွေးကောက်ပွဲတွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမြို့နယ်ခြောက်ခုထဲကမှ မြို့နယ်နှစ်ခုတွင်သာ ရွေးကောက်ပွဲပြုလုပ်နိုင်မည်ဟု“ဝ” အမျိုးသားပါတီ (WNP) ဥက္ကဋ္ဌထံမှသိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲပြုလုပ်ရန်ထုတ်ပြန်ခဲ့သည့် မဲဆန္ဒနယ်များထဲတွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲမှ မြို့နယ်ခြောက်ခုလည်းပါဝင်သည်။

သို့သော် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ယခင်ရွေးကောက်ပွဲများကဲ့သို့ “ဝ” ဒေသထဲမှ ဟိုပန်နှင့် မက်မန်းမြို့နယ် တို့တွင် ရွေးကောက်ပွဲကျင်းပမှာဖြစ်သော်လည်းကျန် လေးမြို့နယ်ဖြစ်သည့် မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း နှင့် ပန်ဆန်းမြို့နယ် တို့တွင် ရွေးကောက်ပွဲပြုလုပ်ဖြစ်ဦးမှာမဟုတ်ကြောင်းသိရသည်။

“ဝ” အမျိုးသားပါတီ (WNP) ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ် က “ ကျန်တဲ့ လေးမြို့နယ်ကတော့ လုံခြုံရေးသဘောအရရော အခြေအနေတွေကြောင့်ကိုပဲ ရွေးချယ်တင်မြှောက်ပွဲ အထမမြောက်သေးဘူး လို့တော့ ကျွန်တော်တို့သိရတဲ့အတွက် နှစ် မြို့နယ်ပဲလောလောဆယ်အများပြောနေတာ” ဟုပြောသည်။

“ဝ” အမျိုးသားပါတီ (WNP) ကို “ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ “ဝ” ဒီမိုကရက်တစ်ပါတီ၊ “ဝ” လစ်ဘရယ်ဒီမိုကရက်တစ်ဖွံ့ဖြိုး တိုးတက်ရေးပါတီ စုစုပေါင်း သုံးပါတီဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ https://www.bnionline.net/mm/news-74495

*********************

## ၁၁။ ရန်သူမှာ အမျိုးသား၊ အမျိုးသမီးခွဲခြားထားတာမရှိ' ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးပြော

July 26, 2020 မဇ္ဈိမ

ရန်သူမှာ အမျိုးသား၊ အမျိုးသမီးခွဲခြားထားတာမရှိ၊ ကျူးလွန်တဲ့အကြမ်းဖက်မှုအရ တရားဥပဒေအတိုင်း ဆောင်ရွက်မည်ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြောသည်။

“ရန်သူမှာတော့ အမျိုးသမီး၊ အမျိုးသားခွဲခြားထားတာမရှိပါဘူး။ သူတို့ရဲ့ကျူးလွန်တဲ့ပြစ်မှုနဲ့ သူတို့ရဲ့ကျူးလွန် တဲ့ အကြမ်းဖက်မှုအရတော့ တရားဥပဒေအတိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

အကြမ်းဖက်မှု ဥပဒေဖြင့် တရားစွဲဆိုခံရသူများတွင် အမျိုးသမီးများပါဝင်လာသည့်အပေါ် ဝေဖန်မှုများရှိနေရာ ဇူလိုင်လ ၂၅ နေ့က တပ်မတော်သတင်းမှန်ပြန်ကြားရေးကော်မတီသတင်းစာရှင်းလင်းပွဲတွင် တပ်မတော်၏ သဘောထားကို မေးမြန်းရာ၌ ထိုသို့တုံ့ပြန်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရေနံ့ဒွိန်ကျေးရွာမှ အမျိုးသမီးသုံးဦးအား ပြီးခဲ့သည့် ဇူလိုင် ၂၃ ရက်နေ့က တပ်မတော်က အကြမ်းဖက်မှုဥပဒေဖြင့် ဖမ်းဆီးတရားစွဲထားသည်။

ကျောက်ဖြူမြို့နယ်၊ ရေနံ့ဒွိန်ကျေးရွာမှ အသက် ၅၃ အရွယ် ဒေါ်ငြိမ်းမ၊ အသက် ၄၀ အရွယ် ဒေါ်လှသန်းခင်နှင့် ရတနာအောင်ဇာတ်အဖွဲ့မှ ဇာတ်ဆရာမဖြစ်သူတို့ကို ရခိုင်တပ်(AA)အား ဆန်ရိက္ခာထောက်ပံ့ခဲ့

ကြောင်း စွပ်စွဲချက်ဖြင့် ယခုကဲ့သို့ တပ်မတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲခံထားရသည်။ သို့သော် လက်ရှိအချိန်အထိ စွဲဆိုခံရသည့် ပုဒ်မနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းမရှိသေးပါ။ အချို့သော



သတင်းအရင်းအမြစ်များက ပုဒ်မ ၅၀(က)နှင့် ၅၀ (ည) စသည့်ပုဒ်မနှစ်ခုဖြင့် စွဲဆိုထားသည်ဟု ဆိုသည်။ **https://www.bnionline.net/mm/news-၇၄၄၈၄**

*****************

**၁၂။ ရွေးကောက်ပွဲဝင် မွန်ညီညွတ်ရေးပါတီ MUP ကိုယ်စားလှယ်လောင်းတွင် အမျိုးသမီး ၂၅ ဒသမ ၈ ရာခိုင်နှုန်းပါဝင်**

July 28, 2020 မွန်သတင်းအေဂျင်စီ

ရန်လင်းအောင် - မွန်ညီညွတ်ရေးပါတီ MUP ပါတီအနေဖြင့် မွန်ပြည်နယ်၊ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း (၆၂)ဦးတွင် အမျိုးသမီးဦးရေ (၁၆) ဦး ပါဝင်သဖြင့် ၂၅ ဒသမ ၈ ရာခိုင်နှုန်းပါဝင်ကြောင်း တွေ့ရှိရသည်။

မွန်ညီညွတ်ရေး ပါတီအနေဖြင့် ရွေးကောက်ပွဲ ယှဉ်ပြိုင်ရာမှာ ၂၀၁၀ ရွေးကောက်ပွဲထက် နိုင်ချေပိုများနိုင်သည်ဟု ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး (၂) နိုင်စံတင်က ပြောသည်။

“ပြိုင်တဲ့ နေရာတိုင်းကိုတော့ နိုင်ချင်တာပေါ့ ဒါပေမဲ့ ကျွန်တော်တို့ တွက်ကိန်း တွက်ကြည့်လိုက်တော့ ၂၀၁၀၊၂၀၁၅ ဖြတ်သန်းလာတဲ့ ဘဝတစ်လျှောက် မှာ ၂၀၁၀ ကတော့ နိုင်တာများခဲ့တာပေါ့ ဘယ်လိုဖြစ်ဖြစ် အဲဒီထက်မလျော့ဘူး အဲ့ဒီထက်ပိုဖို့ရှိပါတယ် ၂၀၁၀ ထက် နိုင်ချေပိုများဖို့ ရှိပါတယ်” ဟု ၎င်းကဆိုသည်။

၂၀၁၀ ရွေးကောက်ပွဲ တစ်ခုတည်းသော မွန်ပါတီဖြစ်သည့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ AMDP က စုစုပေါင်းကိုယ်စားလှယ် ၁၆ ဦးအနိုင်ရရှိခဲ့ပြီး ၂၀၁၅ ရွေးကောက်ပွဲ၌ မွန်အမျိုးသားပါတီ MNP ထပ်မံပေါ်ပေါက်လသောကြောင့် မွန် ၂ ပါတီအပြိုင်ရွေးချယ်ကြရာတွင် စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၄ ဦးသာ အနိုင်ရရှိခြင်း ဖြစ်သည်။

မွန်ညီညွတ်ရေးပါတီမှ လက်ရှိပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း (၆၂) နေရာတွင် အသက် (၄၀) နှစ်အောက် (၂၂) ဦးနှင့် အသက် (၄၀) နှစ်အထက်က (၄၀) ဦး ပါဝင်နေသည်ဟု သိရသည်။ https://www.bnionline.net/mm/news- ၇၄၅၀၈

********************

**၁၃။ ၂၀၂၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၆၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မွန်ညီညွတ်ရေးပါတီ MUP အတည်ပြု**

July 27, 2020 မွန်သတင်းအေဂျင်စီ

လာမည့် နိုဝင်ဘာ ၈ ရက်နေ့ ၂၀၂၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၆၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မွန်ညီညွတ်ရေးပါတီ MUP ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဇူလိုင် ၂၆ ရက်နေ့ကျင်းပသောအစည်းအဝေးအပြီးတွင် မွန်သတင်းအေဂျင်စီက အတည်ပြုချက်ရရှိခဲ့သည်။

မွန်ညီညွတ်ရေးပါတီ၏ လက်ရှိအမျိုးသားလွှတ်တော်ကိုယ်စားလှယ် နိုင်သီဟနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်ဦးတို့ ယခင်မဲဆန္ဒနယ်မြေတို့တွင် ပြန်လည်အရွေးခံကြမည်ဖြစ်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းနှင့် ဒေါက်တာမင်းကြည်ဝင်းတို့မှာ ပြန်လည်ပါဝင်ခြင်းမရှိတော့ပေ။

WEEKLY Ethnic News Collection
Room 8, No.60, Insein Road, Block(9), Hlaing Township, Yangon. Ph: 0943094087, 09420222050
Email: journaloffederalism@gmail.com, Website: http://www.federaljournal.org

မွန်ညီညွတ်ရေးပါတီအနေဖြင့် မွန်ပြည်နယ် သထုံနှင့် ဘီးလင်း ၂ မြို့နယ်မှလွဲ၍ ကျန် ၈ မြို့နယ်၌ အမျိုးသားလွှတ်တော် ၁၀ နေရာ၊ ပြည်သူ့လွှတ်တော် ၈ နေရာနှင့် ဗမာတိုင်းရင်းသားရေးရာအပါအဝင် ပြည်နယ်လွှတ်တော် ၁၇ နေရာတို့တွင် စုစုပေါင်းကိုယ်စားလှယ်လောင်း ၃၅ ဦးတို့ဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်။

ကရင်ပြည်နယ် ကော့ကရိတ်၊ ဘားအံနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် အမျိုးသားလွှတ်တော် ၄ နေရာ၊ ပြည်သူ့လွှတ်တော် ၂ နေရာနှင့် မွန်တိုင်းရင်းသားရေးရာအပါအဝင် ပြည်နယ်လွှတ်တော် ၆ နေရာအတွက် စုစုပေါင်းကိုယ်စားလှယ်လောင်း ၁၂ ဦးယှဉ်ပြိုင်သွားမည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ရေဖြူမြို့နယ်တို့တွင် အမျိုးသားလွှတ်တော် ၂ နေရာ၊ ပြည်သူ့လွှတ်တော် ၁ နေရာနှင့် တိုင်းဒေသကြီးလွှတ်တော် ၃ နေရာအတွက် စုစုပေါင်းကိုယ်စားလှယ်လောင်း ၈ ဦး ပါဝင်သည်။ https://www.bnionline.net/mm/news-၇၄၅၀၀

******************

**၁၄။ ဘုတ်တစ်စီးရွာဆိပ်ကခွာပြီး ငါးမိနစ်အကြာ သဲကမ်းထောင်းရွာထဲလက်နက်ကြီးကျည်ကျပြီး လူ၄ ဦးဒဏ်ရာရ**

July 28, 2020 နိရဥ္စရာ

ခိုင်လူလု - အမ်းမြို့နယ်၊ သဲကမ်းထောင်းကျေးရွာ ဆိပ်ကမ်းမှ ဘုတ်တစ်စီးထွက်ခွာသွားပြီး ၅ မိနစ်ခန့်အကြာ ရွာထဲ လက်နက်ကြီးကျည် ကျသဖြင့် ရွာသား ၄ ဦးဒဏ်ရာရရှိသွားခဲ့သည်ဟု ဒဏ်ရာရရှိသူများထဲမှ ဦးမောင်မောင်သန်း၏ ဇနီးဖြစ်သူ ဒေါ်မဆန်းတင်က ပြောသည်။

“ ရွာဆိပ်ကမ်းမှာ ခေါင်းမိုးတွေကို တာလပတ်ချုပ်ထားတဲ့ မော်တော်ဘုတ်ကြီးတစ်စီး ဝင်လာပါတယ်။ အဲဒါရွာက လူကြီးတွေကဟန့်ပါတယ်။ ရွာကို မကပ်ပါနဲ့။ အဝေးကနေပါ။ ရောင်းစရာ၊ ချစရာရှိလားလို့ မေးတော့ ဘုတ်သမားက တစ်ခုမှ မပြောဘဲ ထွက်သွားပါတယ်။ ဘာတွေ လာရောင်းတယ်။ ဘာတွေပါတယ်ဆိုတာ တစ်ခွန်းမှ မပြောခဲ့ဘူး။ အဲဒီဘုတ်က ထွက်သွားပြီး ၅ မိနစ်ဝန်းကျင်လောက်မှာ တောင်ကြီးက လက်နက်ကြီးပစ်ပါတယ်။ အဲဒီမှာ လက်နက်ကြီးကျည် ရွာထဲကျပြီး ကျမယောက်ျားအပါအဝင် ၄ ဦး ကျည်စတွေထိပြီး ဒဏ်ရာရသွားခဲ့ပါတယ်။ ကျမတို့လည်း လူနာတွေကို ကမ်းထောင်းကြီးမြို့ ဆေးရုံကို စက်လှေနဲ့ ယူလာပါတယ်။ နောက်ပိုင်း ဘာတွေ ဆက်ဖြစ်တယ်ဆိုတာတော့ မသိရပါ။ ဘယ်သူတွေပစ်တယ်ဆိုတာ ရွာကလူကြီးတွေမေးပါ” ဟု ဒေါ်မဆန်းတင်က ပြောသည်။

ဒဏ်ရာရရှိသူများမှာ အသက် ၂၀ အရွယ် မမေလှချေ၊ ဦးမောင်မောင်သန်း (၄၅) နှစ်၊ အသက် နှစ်ဆယ်ကျော် အရွယ်ဝန်းကျင် ကိုငလုံး နှင့် ဦးထွန်းထွန်းသိန်း (၃၅) နှစ်တို့ ဖြစ်ကြသည်ဟု သိရသည်။

“ ကျည်ကျတာက ၁၁ နာရီ ဝန်းကျင်လောက်မှာ ဖြစ်တာပါ။ လက်နက်ကြီး ၃ လုံးကျပါတယ်။ တစ်လုံးက ကျမတို့ ယောက္ခမအိမ်နဲ့ တစ်အိမ်ခြားမှာ တစ်လုံးကျတယ်။ နောက်တစ်လုံးက အနီးမှာဘဲကျတယ်။ ရွှေဘန်းတို့အိမ်ကို တစ်လုံးကျတယ်လို့ ပြောပါတယ်။ အဲဒီဘုတ်ကြီးကို ကျမတို့ ကမ်းထောင်းကြီးကို လာတဲ့ အချိန်မှာ ရွာသစ်ဘုရားကြီး ကမ်းမှာ ကပ်ထားတာကို မြင်ခဲ့ရပါတယ်” ဟု ပြောသည်။ https://www.bnionline.net/mm/news-74519

************************

### ၁၅။ ကျောက်ဖြူလိပ်ခမော်ကျေးရွာကလူငယ်တစ်ဦးဖမ်းဆီးခေါ်ဆောင်ခံရ

July 28, 2020 နိုရဥ္စရာ

WEEKLY Ethnic News Collection
Room 8, No.60, Insein Road, Block(9), Hlaing Township, Yangon. Ph: 0943094087, 09420222050
Email: journaloffederalism@gmail.com, Website: http://www.federaljournal.org

ခိုင်လူလှ - ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်ကျေးရွာမှ လူငယ် တစ်ဦးကို တပ်မတော် စစ်ကြောင်း တစ်ခုက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းရရှိသည်။

၎င်းလူငယ်မှာ ဦးမောင်သန်းစိန်၊ ဒေါ်မမူသန်းတို့၏သား အသက် ၂၀ အရွယ် မောင်ဘိလပ်ဆိုသည့် လူငယ်ဖြစ်ကြောင်း ကျေးရွာ ရာအိမ်မှူးက ပြောကြားသည်။

“ သူတို့ဖမ်းတာက သုံးယောက်ပါ။ နာမည်အရင်းတွေလည်း မရပါ။ ရပ်မှာခေါ်တာ ဘိလပ်ရယ်၊ နောက်နှစ်ယောက်က မောင်ကုလားနဲ့ မောင်စင်းကြီးလို့ ခေါ်ပါတယ်။ သူတို့ သုံးယောက်ထဲက နှစ်ယောက်ကို ပြန်လွှတ်ပေးခဲ့ပြီး မောင်ဘိလပ်ကိုတော့ ခေါ်သွားပါတယ်။ ကျွန်တော်ကို ဘုန်းတော်ကြီးကျောင်းကိုခေါ်လို့ လွှတ်ပေးလိုက်တဲ့ ကောင်လေး နှစ်ယောက်ကို လက်ခံခဲ့ရပါတယ်။ သူတို့နဲ့ အတူ ကျွန်တော်ကိုပါ ဓာတ်ပုံရိုက်ပါတယ်” ဟု ပြောသည်။

မောင်ဘိလပ်ကိုမည်သည့်နေရာသို့ ခေါ်ယူသွားခြင်းကို မသိရသေးသော်လည်း မိသားစုများက တွေ့ဆုံရန် ကျောက်ဖြူသို့ လိုက်သွားကြသည်ဟု သူက ပြောဆိုသည်။ https://www.bnionline.net/mm/news-74518

************************

### ၁၆။ ရောဝတီတိုင်းတွင် ရက္ခိတပြက္ခဒိန်ကိုရောင်းချ၍ ၁၇(၁)ဖြင့် တရားစွဲဆိုထောင်ချခံရသူ လေးဦးအထဲမှသုံးဦး ချုပ်ရက်စေ့၍ပြန်လွတ်လာ

July 28, 2020 နိုရဥ္စရာ

အိမ်စိုးဖြူ - ဧရာဝတီတိုင်၊ ဟိုင်းကြီးကျွန်းမြို့နယ်တွင် ရက္ခိတပြက္ခဒိန်ကို သွားရောက်ရောင်းချသည့် အတွက် မတရားအသင်းဆက်သွယ်မှု ပုဒ်မ ၁၇ (၁) တရားစွဲဆို ထောင်ချခံခဲ့ရသည့် လူငယ် လေးဦးအထဲမှ သုံးဦးမှာ ချုပ်ရက်စေ့၍ ဇူလိုင် ၂၇ ရက် နံနက်က ပုသိမ်အကျဉ်းထောင်မှ ပြန်လွတ်လာကြောင်း သတင်းရရှိသည်။

ပြန်လည်လွတ်လာသူများမှာ ကိုကောင်းမြတ်သူ(၃၀)နှစ်၊ကိုဗိုလ်ဆန်း(၃၆)နှစ်နှင့် ကိုဝင်းဗိုလ်(၂၈)နှစ် တို့ ဖြစ်ကြသည်။

ပြက္ခဒိန်ထုတ်ဝေသူ ကိုသိန်းမြတ်အောင်ကို ထောင် ၂ နှစ်လ ၆လ၊ ကူညီလိုက်ရောင်းပေးသူနဲ့ တက်စီဖြင့် ပို့ပေးသူ သုံးဦးဖြစ်သည့် ကိုကောင်းမြတ်သူ၊ ကိုဗိုလ်ဆန်းနှင့် ကိုဝင်းဗိုလ်တို့ကို ထောင် ၂ နှစ်စီ ဧရာဝတီတိုင်း ငပုတောမြို့နယ်တရားရုံးမှ ၂၀၁၉ခုနစ် ၊ နိုဝင်ဘာ ၁၈ ရက်နေ့က ချမှတ်ခဲ့သည်။

“ ကျွန်တော်တို့ သုံးဦးကို မတရားအသင်းဆက်သွယ်မှုပုဒ်မ(၁၇/၁)ဖြင့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့ပါတယ်။ ရက္ခိတပြက္ခဒိန်ထုတ်ဝေသူ ကိုသိန်းအောင်မြတ်ကိုတော့ မတရားအသင်း ဆက်သွယ်မှု ပုဒ်မ(၁၇/၁) အပြင် တရားမဝင်ပုံနှိပ်ထုတ်ဝေမှု ပုဒ်မတို့နဲ့ ထောင်ဒဏ် ၂ နှစ်နှင့် ၆ လချမှတ်ခံခဲ့ပါတယ်” ဟု လွတ်လာသူ ကိုကောင်းမြတ်သူက ပြောသည်။ https://www.bnionline.net/mm/news-74517

******************

### ၁၇။ ရခိုင်တွင် ပထမဆုံးအကြိမ် အမျိုးသမီး ၃ ဦး အကြမ်းဖက်ပုဒ်မများဖြင့်အမှုဖွင့်ခံရ

July 26, 2020 နိရဉ္စရာ

အိမ်စိုးဖြူ - ရခိုင်ပြည်နယ်တွင် ပထမဆုံးအကြိမ် အမျိုးသမီးသုံးဦးကို အကြမ်းဖက်မှုပုဒ်မများဖြင့် တပ်မတော်က အမှုဖွင့်လိုက်သည်ဟု သတင်းရရှိသည်။

WEEKLY Ethnic News Collection
Room 8, No.60, Insein Road, Block(9), Hlaing Township, Yangon. Ph: 0943094087, 09420222050
Email: journaloffederalism@gmail.com, Website: http://www.federaljournal.org

၎င်းအမျိုးသမီးသုံးဦးမှာ ကျောက်ဖြူမြို့နယ်၊ ရေနံ့ဒွိန်ကျေးရွာမှ ဒေါ်ဖြားမ(၅၃)နှစ်၊ ဒေါ်လှသန်းခင်(၄၀)နှစ်နှင့် အသက် ၃၇ နှစ်အရွယ် ရတနာအောင်ဇာတ်သဘင်ပိုင်ရှင် ဇာတ်မင်းသမီးတစ်ဦးတို့ဖြစ်သည်။

သူမတို့ ၃ယောက်ကို အကြမ်းဖက်မှုဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က)ဖြင့် အမှုဖွင့်လိုက်ခြင်းဖြစ်ကြောင်း ကျောက်ဖြူမြို့ ရဲစခန်းမှ ဒုရဲမှူးကျော်ဇောက နိရဉ္စရာသတင်းဌာနအားပြောသည်။

“အကြမ်းဖက်ဥပဒေနဲ့ငြိလို့ထည့်လိုက်တာ။ သူတို့ကို ထောင်ကိုပို့ဖို့လုပ်နေတယ်။ သုံးယောက်လုံးကို” ဟုပြောသည်။

သူတို့ သုံးဦးကို AA ကို ရိက္ခာထောက်ပံ့သည့် သံသယဖြင့် ဇူလိုင်လ ၂၂ ရက်နေ့ ညက တပ်မတော်မှ ဖမ်းဆီးသွားခဲ့သည်။ ၎င်းနောက် ၎င်း အမျိုးသမီး ၃ဦးကို တပ်မတော်မှ အကြမ်းဖက်မှုပုဒ်မဖြင့် ကျောက်ဖြူရဲစခန်းတွင် အမှုဖွင့်ခဲ့သည်ဟု သိရသည်။ https://www.bnionline.net/mm/news-74490

**********************

### ၁၈။ ဘူးသီးတောင်မြို့နယ်မြောက်ပိုင်း သရဖီ ကျေးရွာအနီး တိုက်ပွဲဖြစ်

July 28, 2020 နိရဉ္စရာ

ခိုင်လှလှ - ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ သရဖီ ကျေးရွာအနီးတွင် ဇူလိုင် ၂၇ ရက် နံနက်က ၉ နာရီမှ စတင်ပြီး ညနေပိုင်းထိ မြန်မာတပ်မတော်နှင့် AA တို့ အကြားတိုက်ပွဲဖြစ်ပွားနေသည်ဟု သတင်းရရှိသည်။

သရဖီကျေးရွာ အရပ်လူကြီးတစ်ဦးက “ ရွာအနီးက တောင်ချိုင်မှာ ဖြစ်နေကြပါတယ်။ မနက် ၉ နာရီကနေ ပစ်နေကြတာ အခုညနေထိ ကြားနေရပါတယ်။ လက်နက်ကြီး လက်နက်သံရော အစုံကြားနေရပါတယ်” ဟု ညနေ ၆ နာရီကဆက်သွယ်စဉ် ပြောကြားသည်။

သရဖီကျေးရွာတွင် အိမ်ခြေ ၁၀၀ ခန့်ရှိပြီး ရခိုင်၊ ခမီး၊ မြိုတိုင်းရင်းသားများ နေထိုင်ကြကြောင်း၊ ရွာအနောက်ဘက် မနီးမဝေးတွင် ခမရ ၅၅၂ တပ်ရင်းရှိကြောင်း၎င်းက ပြောကြားသည်။

“ အခုက ရွာသားတွေက ရွာကို စွန့်ခွာထွက်ပြေးတာတော့ မရှိဘူး။ ဒါပေမယ် တစ်ရွာလုံး ဘုန်းကြီးကျောင်းမှာ စုနေကြတယ်။ ဒီမှာဘဲ စုပြီး အိပ်ကြမယ်။ ဘယ်လိုလုပ်မလဲ။ ရွာနဲ့ မနီးမဝေးမှာ တိုက်ပွဲ ဖြစ်တော့ အကုန်လုံးကြောက်နေကြတယ်။ ဦးလေး ဗိုက်အောင့်ပြီး အိပ်ရာထဲမှာ လဲနေရတယ်။ အခု အိပ်ရာထဲက ပြောနေရတာပါ” ဟု ပြောကြားသည်။ https://www.bnionline.net/mm/news-74516

********************

### ၁၉။ လီဆူ (ဒူးလေး) ပါတီက ကချင်၊ ရှမ်းနှင့် မန္တလေးတို့တွင် ယှဉ်ပြိုင်မည်

July 27, 2020 သတင်းနှင့်မီဒီယာကွန်ယက်

လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ရွေးကောက်ပွဲဝင်မည်ဖြစ်ပြီး ပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို ထုတ်ပြန်လိုက်သည်။



၂၀၂၀ ပြည်နှစ် နိုင်ဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ပထမအကြိမ်အနေဖြင့် ဇူလိုင်လ ၂၅ ရက်နေ့က ထုတ်ပြန်လိုက်သည်။

လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ဥက္ကဋ္ဌ ဦးရွှေမင်း က "ကျနော်တို့က ပထမအကြိမ် အတည်ပြုတာက ၂၃ ယောက်၊ ဒုတိယအကြိမ်ထပ်မံအတည်ပြုဖို့ရှိပါတယ်။ ကချင်ပြည်နယ်မှာတော့ ၁၇ နေရာ၊ ရှမ်းပြည်မှာ ၂ နေရာ၊ မန္တလေးတိုင်း မိုးကုတ်မှာ ၄ နေရာ၊ အခုက လီဆူတိုင်းရင်းသားရေးရာ က နှစ်နေရာ ယှဉ်ပြိုင်မယ်။ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်ပေါ့နော်။ နှစ်နေရာလုံးမှာ ဒူးလေးပါတီဝင်အနေနဲ့ ဝင်ပြိုင်မယ်။ နောက်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် အသီးသီးကိုဝင်ရောက်ယှဉ်ပြိုင်မယ်" ဟု ပြောသည်။ https://www.bnionline.net/mm/news-74506

***************

## ၂၀။ ရှမ်းကျောင်းသား နှစ်ဦးအတွက် KIO လျော်ကြေးပေး

July 27, 2020 သတင်းနှင့်မီဒီယာကွန်ယက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် အတွင်းက အသတ်ခံခဲ့ရသည့် ရှမ်းနီ ကျောင်းသားနှစ်ဦးအတွက် ကချင်လွတ်လပ်ရေး အဖွဲ့ KIO က တစ်ဦးလျှင်လျော်ကြေးငွေ သိန်း ၂၀၀ စီ နစ်နာကြေးပေးကြောင်း သိရသည်။

ဇူလိုင်လ ၂၄ ရက်နေ့က အသတ်ခံရသူ နှစ်ဦး၏ မိဘများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်အချို့ နှင့် KIO မှ တာဝန်ရှိသူများ တွေ့ဆုံပြီး နစ်နာကြေး ပေးရန် သဘောတူခဲ့ခြင်း ဖြစ်သည်ဟု သွားရောက်ညှိနှိုင်း ရာတွင် ပါဝင်ခဲ့သူ မိသားစုဝင် တစ်ဦးက ပြောသည်။

"ကျနော်တို့ သွားဆွေးနွေးကြတာ။ မိဘတွေရယ်၊ ရပ်မိရပ်ဖတွေလည်းပါတယ်။ ဘာသာရေးဘက်ကလည်း ပါတယ်။ ကျနော်တို့ကို သူတို့ မှားသွားတဲ့အကြောင်းလည်း ပြောတယ်။ ဘာသာရေးခေါင်းဆောင်တွေက ကြားဝင်ပြီး ဆွေးနွေးပေးတာပေါ့ဗျာနော်။ ကျနော်တို့ တစ်ယောက်ကို သိန်းနှစ်ရာပေါ့။ ဆိုတော့ သိန်းလေး ရာပေါ့။"

အဆိုပါ မိသားစုဝင် က "သူတို့ဘက်ကတော့ သူတို့မှားကြောင်းဝန်ခံတယ်။ တခြားတော့ ကျနော်တို့ ဆက်လုပ်စရာ ဘာမှတော့ မရှိ တော့ဘူး။ အစကတော့ အလောင်းယူမယ်ပေါ့။ အခုထိ သူတို့ အလောင်းကို ဘယ်မှာ မြုပ်ထားလဲ ဘာလဲဆိုတာတော့ မသိဘူး။ အခုထိတော့ အလောင်းက မရသေးပါဘူး။ ကျနော်တို့လည်း ပြန်စဉ်းစားနေတယ် ကြာလည်း ကြာနေပြီ ဆိုတော့ ကလေးတွေအလောင်းက ရုပ်ပျက်နေလောက်ပြီနော်။ အဲ့လို လည်း စဉ်းစားတယ်။ အတင်းကြီးလည်း ပြန်လည်းမတောင်းချင်တော့ဘူး။ ရုပ်ပျက်ဆင်းပျက်ဆိုလည်း ကိုယ် လည်း မမြင်ရက်ဘူး။ မြင်မကောင်းဘူး ပေါ့နော်" ဟု ဆက်ပြောသည်။ https://www.bnionline.net/mm/news-74507

***************

## ၂၁။ ရေးချောင်းဖျားဒေသတွင် မှတ်ပုံတင်မရှိသူ ၂၀၀၀ ကျော်ရှိ

July 27, 2020 သတင်းနှင့်မီဒီယာကွန်ယက်

မွန်ပြည်သစ်ပါတီ ဇဟိုဌာနချုပ်တည်ရှိသည့် ရေးချောင်းဖျားဒေသတွင် မှတ်ပုံတင် မရှိသေးသည့် ဒေသခံပြည်သူ ၂၀၀၀ ကျော် ရှိသည် ဟု မွန်ပြည်သစ်ပါတီ ပြည်တွင်းရေးရာတာဝန်ခံ နိုင်ဗညားလယ်က ပြောသည်။

WEEKLY Ethnic News Collection
Room 8, No.60, Insein Road, Block(9), Hlaing Township, Yangon. Ph: 0943094087, 09420222050
Email: journaloffederalism@gmail.com, Website: http://www.federaljournal.org

အဆိုပါ ဒေသခံ ၂၀၀၀ ကျော်တွင် မှတ်ပုံတင် ပျောက်သွားသူ၊ ပျက်စီးသွားသူနှင့် အသက် ၁၈ နှစ်ပြည့်ပြီး မလုပ်ရသေးသူတို့ ပါဝင်သည်ဟု သိရသည်။

မွန်ပြည်သစ်ပါတီအနေနှင့် ၎င်းတို့ ထိန်းချုပ်မှုအောက်ရှိ ဒေသခံပြည်သူများ မှတ်ပုံတင်ရရှိနိုင်ရေး အတွက် ရေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိ နှိုင်းဆွေးနွေးထားပြီး ကွင်းဆင်းပြုလုပ်ပေးရန် သဘောတူထားသည်ဟု မွန်ပြည်သစ်ပါတီ ပြည်တွင်းရေးရာ တာဝန်ခံက ပြောသည်။

မွန်ပြည်သစ်ပါတီ ပြည်တွင်းရေးရာ တာဝန်ခံ နိုင်ဗညားလယ် က “အဓိကကတော့ ဇဟိုဌာနချုပ်ဒေသ တဝိုက် မှာပဲ ဝင်ထွက်သွားလာခွင့် အပြည့်အဝဖွင့်မပေးထားတော့ (မှတ်ပုံတင်) ဝင်လုပ်မယ်ဆိုရင် ကျနော်တို့နဲ့ ညှိနှိုင်း ရမယ်၊ ခွင့်တောင်းရမယ် အခုက ညှိနှိုင်းထားတဲ့အတိုင်းပဲ ကျနော်တို့ဒေသမှာ ဝင်လုပ်ပေးဖို့ ကျနော်တို့လည်း သဘောတူတယ် အကောင်အထည်ဖော်ဖို့ပဲ ကျန်တော့တယ် ရွေးကောက်ပွဲမတိုင်ခင်တော့ လုပ်ဖြစ်မယ်” ဟု ပြောသည်။ https://www.bnionline.net/mm/news-74505

*****************

**၂၂။ တပ်မတော်နှင့် SSPP တိုက်ပွဲဖြစ်၊ ရွာသား ၂၀၀ ကျော် ထွက်ပြေး**

July 24, 2020 သတင်းနှင့်မီဒီယာကွန်ယက်

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်း တပ်မတော် နှင့် ရှမ်းပြည်တိုးတက်ရေး ပါတီ SSPP/SSA အကြား တိုက်ပွဲဖြစ်ပွားခဲ့သည့်အတွက် ဒေသခံရွာသား ၂၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေရသည် ဟု ဒေသခံများက ပြောသည်။

ဇူလိုင်လ ၂၂ ရက်နေ့ ညနေက ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် သီပေါမြို့နယ် နားအုံကျေးရွာမှ ဒေသခံများ ရွာလုံးကျွတ်ထွက်ပြေးနေရသည်ဟု ဒေသခံတစ်ဦး ဖြစ်သူ စိုင်းလောင်ခမ်း က ပြောသည်။

“ရွာသားတွေက ဆောင်ကြဲကို ရောက်နေကြတယ်။ ၂၀၀ ကျော် တယ် ဗျ။ တပ်က ဝင်လာလို့ ဖြစ်တယ်လို့ ပြောတယ်။ ဆောင်ကြဲက ဘုန်းကြီးကျောင်းမှာပါဗျ။ အားလုံး ဒီ တိုက်ပွဲ သံ ပေါ့ ပြောမယ်ဆိုရင်တော့ ပစ်ခတ်သံတွေကြားလို့ ထွက်ပြေးလာကြတာလို့ ပြောတယ်ဗျ” ဟု ပြောသည်။

သီပေါမြို့နယ်၊ နားအုံကျေးရွာနှင့် ပန်းအုံကျေးရွာအကြား နှစ်ဖက်ပစ်ခတ်မှုများဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ပြောသည်။

“ထွက်ပြေးလာတဲ့အထဲမှာ အဆိုးဆုံးက ကိုယ်ဝန်ဆောင် မိခင်တစ်ယောက်လည်းပါတယ်။ သူဆို ဒီမှာရောက်မှ ကလေးမွေးလိုက်ရတယ်။ နောက်ပြီး သွေးနုသားနု ကလေးမိခင် တစ်ယောက်လည်းပါတယ်။ အသက်ကြီး တဲ့ လူကြီးတွေ၊ သက်ကြီးရွယ်အိုတွေပါလာတယ်ဗျ။ တော်တော်လေးအခက်အခဲဖြစ်တယ်။ ကျနော်တို့ဆီမှာက အခုက

မိုးတွင်းလည်းဖြစ်တော့လေ။ ထွက်ပြေးလာတဲ့ညဆို မိုးကလည်းအရမ်းရွာတယ်ပြောတယ်” ဟု ဒေသခံ စိုင်းလောင်ခမ်း က ဆက်ပြောသည်။ https://www.bnionline.net/mm/news-74462

*******************

## ၂၃။ ဆီဆိုင် ကုန်းမြင့်မြေ ဖော်ဆောင်ရေးကို ကန့်ကွက်မှုကြောင့် မပြုလုပ်တော့ပေ

CHERRY FOUNDATION
WEEKLY Ethnic News Collection
Room 8, No.60, Insein Road, Block(9), Hlaing Township, Yangon. Ph: 0943094087, 09420222050
Email: journaloffederalism@gmail.com, Website: http://www.federaljournal.org
CHERRY FOUNDATION

July 28, 2020 သျှမ်းသံတော်ဆင့်

နန်းဆိုင်ဖူး - သျှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ် တပ်မှ သိမ်းဆည်းထားသည့် လယ်ယာမြေအစားထိုးပြန်ပေးရန် ကုန်းမြင့်လယ်ယာမြေ ဖော်ဆောင်ရေးကို ဒေသခံများကန့်ကွက်မှုကြောင့် မပြုလုပ်တော့ကြောင်း စုံစမ်းသိရသည်။

တပ်သိမ်းမြေအစားထိုး ပေးရန် ဖော်ဆောင်မည့် ကုန်းမြင့်မြေကို ကန့်ကွက်သည့် ဆီဆိုင်မြို့နယ် ဒေသခံများ ပုံ ကုန်းမြင့်လယ်ယာမြေ ဖော်ဆောင်မည့်နေရာသည် ဆီဆိုင်မြို့ရှိ ကုန်းဆွတ်ကျေးရွာနှင့် ပင်စုံကျေးရွာအုပ်စုအတွင်းရှိ နမ့်တောင်းကျေးရွာပိုင် ကုန်းမြင့်လယ်ယာများကိုဖော်ဆောင်ပြီး တပ်သိမ်းမြေ အစားထိုး ပြန်ပေးမည်ဟု ပြောဆိုခဲ့သည်။

တပ်သိမ်းမြေ အစားထိုးအဖြစ် ကုန်းမြင့်မြေဖော်ဆောင်ပါက သစ်တောဧက (၂၀၀) ကျော်ကို ဖျက်ဆီးရမည် ဖြစ်သဖြင့် ဒေသခံ များက ဇူလိုင် (၁၈) ရက်က ကန့်ကွက်ခဲ့ကြသည်။

“ကျနော်တို့ ကန့်ကွက်တဲ့နေရာမှာတော့ မလုပ်ဖြစ်တော့ဘူး။ ဘယ်နေရာရွှေ့မှန်းတော့မသိဘူး။ အဲ့နေရာတော့ မလုပ်ဖြစ်တော့ဘူး” ဟု ဆီဆိုင်မြို့နယ် သျှမ်းလူငယ် စိုင်းပွန်းဟန် က သျှမ်းသံတော်ဆင့် ကိုပြောသည်။ https://www.bnionline.net/mm/news-74510

*******************

## ၂၄။ တရားရင်ဆိုင်နေရသည့် ခိုလမ်တောင်သူများ ကိုယ်စားလှယ် ၅ ဦးထားရှိရေး ရုံးမှလက်ခံ

Tuesday, July 28, 2020 သျှမ်းသံတော်ဆင့်

နန်းဆိုင်ဖူး - သျှမ်းပြည်တောင်ပိုင်း လွိုင်လင်ခရိုင် ခိုလမ်မြို့နယ် မြေယာပြဿနာတွင် တပ်ဘက်မှ တရားစွဲဆိုထားသည့် တောင်သူများ တရားရင်ဆိုင်နိုင်ရန်အတွက် ကိုယ်စားလှယ် ၅ ဦး ထားရှိရန် လက်ခံလိုက်ကြောင်း သိရသည်။

လွန်ခဲ့သည့် ဇွန် ၉ ရက်တွင် လယ်ယာမြေများ သိမ်းဆည်းထားသော ခိုလမ်မြို့နယ် အခြေစိုက် အမှတ် ၆၆ ခြေလျင်တပ်ရင်းသည် မြေပိုင်ရှင် တောင်သူ ၄၇ ဦးကို နမ့်စန်မြို့နယ် တရားရုံးတွင် တရားလိုအဖြစ် တရားစွဲဆိုခဲ့သည်။

ထိုထဲတွင် ကျန်းမာရေးမကောင်းသည့်သက်ကြီးပိုင်း တောင်သူတချို့ ခရီးသွားလာရန်ခက်ခဲသဖြင့် တောင်သူများကိုယ်စား တရားရင်ဆိုင်ပေးမည့် ကိုယ်စားလှယ် ၅ဦးထားရှိရန် ဇွန် ၂၉ ရက်က တောင်သူများက နမ့်စန်မြို့နယ် တရားသူကြီး ထံတင်ပြခဲ့သော်လည်း ပယ်ချခံခဲ့ပြီး ဇူလိုင် ၂၁ရက် တွင် ပြန်လည်ခွင့်ပြုခဲ့ကြောင်း သိရသည်။

“ ကိုယ်စားလှယ်ပေးလိုက်တယ် ဒီတစ်ခေါက်ကတော့ ၅ ယောက်ပဲသွားရတော့မယ်။ တကယ့် လိုအပ်လာရင်တော့ အကုန်လုံးခေါ်မှာပါ” ဟု တရားစွဲဆိုခံရသည့် တောင်သူ ဦးလှထွန်း က ပြောသည်။

တရားစွဲဆိုခံရသည် ခိုလမ်တောင်သူ ၄၇ဦးသည် နမ့်စန်မြို့နယ် တရားရုံးတွင် သွားရောက် တရားရင်ဆိုင်ရကြောင်း၊ ခိုလမ်နှင့် နမ့်စန် သည် မိုင် ၃၀ ကွားဝေးသဖြင့် သက်ကြီးသည့် တောင်သူများ၊ ကျန်းမာရေးမကောင်းသည့် တောင်သူများအနေဖြင့် သွားရလာရခက်ခဲကြောင်း တောင်သူ ဦးလှထွန်း က ပြောသည်။ **https://www.bnionline.net/mm/news-74509**

WEEKLY Ethnic News Collection
Room 8, No.60, Insein Road, Block(9), Hlaing Township, Yangon. Ph: 0943094087, 09420222050
Email: journaloffederalism@gmail.com, Website: http://www.federaljournal.org

## ၂၅။ သီပေါမြို့နယ် စစ်ရှောင်များ စိုးရိမ်မှုဖြင့် နေရပ်ပြန်ကြ

July 26, 2020 သျှမ်းသံတော်ဆင့်

သျှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် စစ်ဘေးရှောင်များ ဇူလိုင် ၂၄ရက် မွန်းလွဲပိုင်းတွင် စိုးရိမ်စိတ်ဖြင့် နေရပ်သို့ ပြန်ကြကြောင်း စုံစမ်းသိရသည်။

ဇူလိုင် ၂၂ ရက် ညနေ ၄နာရီ ကျော်တွင် သီပေါမြို့နယ် နာအုံးကျေးရွာနှင့် ပန်မုံကျေးရွာ ကြားတွင် အစိုးရတပ်မတော်နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) တို့ တိုက်ပွဲဖြစ်ပွားပြီး နားအုံးရွာမှ ရွာလုံးထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

“ဒီနေ့၃နာရီ ကျရင် ကျနော်တို့ ပြန်တော့မယ်။ တိုက်ပွဲထပ်မံဖြစ်ပွားမှာလည်း ကြောက်တယ်။ မပြန်ရင်လည်း မရဘူး။ တချို့က အိမ်တံခါးတွေ မပိတ်ခဲ့ရဘူး။ အဲ့လိုပဲ ထွက်ပြေးလာကြတယ်” ဟု စစ်ဘေးရှောင်လာသည့် လုံးသြ က သျှမ်းသံတော်ဆင့်သို့ ပြောသည်။

စစ်ဘေးရှောင်များသည် သီပေါမြို့နယ် ဆောင်ကြဲကျေးရွာ ရှိ ဘုန်းကြီးကျောင်းတွင် ၂၉ သာ လာရောက်ခိုလှုံနေရကြောင်း၊ လက်ရှိ မှာ တိုက်ပွဲများငြိမ်သက်သဖြင့် နေအိမ်သို့ပြန်ရန် စီစဉ်လိုက်ခြင်းဖြစ်ကြောင်းလည်း လုံးသြ က ပြောသည်။

“ တိုက်ပွဲကတော့ မဖြစ်တော့ဘူး။ တပ်မတော်က ရွာနီးပတ်လည်မှာတော့ရှိသေးတယ်။ ကြောက်လည်း ပြန်ရမှာပဲလေ” ဟု လုံးသြ ကဆိုသည်။

တိုက်ပွဲဖြစ်ပွားချိန်တွင် နားအုံကျေးရွာ ဒေသခံများ ကောက်စိုက်နေကြသည့်အချိန်ဖြစ်သဖြင့် ရွာသားတချို့သည် လယ်ယာထဲမှ ထွက်ပြေး လာရသည့်အတွက် အဝတ်အစားများမပါလာကြောင်း စစ်ရှောင်သူများက ပြောဆိုကြသည်။ https://www.bnionline.net/mm/news-74475

******************************

မှတ်ချက်။ **သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

***** ပြီး *****